myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 10, 2019 Volume 23, Number 7

**၁၀.၉.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၉ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၂၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၈/ကျပ် |
| CBM Rate | = ၁၅၂၈.၁/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၃.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၄.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၈.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၂၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၄ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၈၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## စံချိန်တင်မြင့်တက်ခဲ့သောရွှေဈေးသည် (၅) ရက်အတွင်း ခုနစ်သောင်းကျပ်နီးပါးပြန်ကျ




ယခုလဆန်းပိုင်းအတွင်းဆက်တိုက်မြင့်ခဲ့သောအကယ်ဒမီရွှေတစ်ကျပ်သားလျှင် စက်တင်ဘာလ ၉ ရက်က (၁၂၄၅၀၀၀)ကျပ်ဝန်းကျင်သို့ ပြန်လည်ကျဆင်းခဲ့ကြောင်း ရန်ကုန်ရွှေဈေးကွက် အတွင်းမှသိရသည်။ ယခု စက်တင်ဘာလ (၅) ရက်က အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ် (၁၃၁၄၀၀၀) ကျပ် ဝန်းကျင်အထိ မြင်တက်ခဲ့သဖြင့် လက်ရှိရွှေဈေးနှုန်းသည် (၅)ရက်အတွင်း ကျပ် ၇၀၀၀၀ ဝန်းကျင်နီးပါး ဈေးနှုန်းပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ အဲဒီ (၅) ရက်နေ့က ဖြစ်ချင်တော့စုံသွားတာ၊ ဘဏ်နဲ့ပတ်သက်တဲ့ ကောလဟာလကလည်းထွက်၊ ကမ္ဘာ့ရွှေဈေးကလည်းတက်ဆိုတော့ ဈေးကစားသွားတာပါ။ အခုတော့ပုံမှန်အခြေအနေပြန်ဖြစ်သွားပါပြီဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဦးမျိုးမြင့်ကပြောသည်။

ကမ္ဘာ့ရွှေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၅၄၃) ဒေါ်လာထိမြင့်တက်ခဲ့ပြီး လက်ရှိကမ္ဘာ့ရွှေဈေးသည် အမေရိကန်ဒေါ်လာ (၁၅၀၈) ဒေါ်လာဝန်းကျင်သို့ ပြန်လည်ကျဆင်းခဲ့သည်။ အလားတူ ပြည်တွင်းငွေလဲလှယ် နှုန်းသည်လည်း (၁၅၅၀) ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ယင်းကဲ့သို့ ကမ္ဘာ့ရွှေဈေးလည်း ပြန်လည်ကျဆင်းနေပြီ ဖြစ်တာကြောင့် မြန်မာ့ရွှေဈေးလည်း ပြန်လည်ငြိမ်လာသဖြင့် အရောင်းအဝယ်များ ပုံမှန်အခြေ အနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်အသိုင်း အဝိုင်းက ဆိုသည်။

Source: http://www.betvmyanmar.com/my/news/

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ကမ္ဘာ့လယ်ယာထွက် စားသောက်ကုန် ကုန်သွယ်မှုတွင် အီးယူ ဦးဆောင်လျက်ရှိ

၂၀၁၈ ခုနှစ်တွင် အီးယူ၏ လယ်ယာထွက်စားသောက်ကုန် တင်ပို့မှု ယူရို ၁၃၈ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး အီးယူအနေဖြင့် ကမ္ဘာ့လယ်ယာထွက် စားသောက်ကုန် တင်ပို့မှု အများဆုံးအဖြစ် ရပ်တည်နေကြောင်း သိရပါသည်။ ၂၀၁၈ ခုနှစ်တွင် အီးယူ၏ လယ်ယာ ထွက်ကုန်တင်ပို့မှုသည် စက်ပစ္စည်း၊ အခြားကုန်ထုတ်ပစ္စည်းများနှင့် ဓါတုဗေဒပစ္စည်း များ ၏ နောက် စတုတ္ထနေရာတွင် ရပ်တည်ခဲ့ပြီး၊ အီးယူ၏ စုစုပေါင်းကုန်စည်တင်ပို့မှု၏ ၇ ရာခိုင်နှုန်း ရှိခဲ့ကြောင်းလည်း သိရှိရပါသည်။ အီးယူတွင် လယ်ယာစိုက်ပျိုးရေးနှင့် စားသောက်ကုန်တို့နှင့် ဆက်နွယ်နေသည့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများမှ အလုပ်အကိုင် (၄၄)သန်းနီးပါးကို ပံ့ပိုးပေးထားကြောင်း၊ စားသောက်ကုန် ထုတ်လုပ်ခြင်းနှင့် ဆင့်တက် ပြုပြင်ခြင်းလုပ်ငန်းတို့သည် အလုပ်အကိုင်ရရှိမှု၏ ၇ ရာခိုင်နှုန်းရှိပြီး၊ value added စုစုပေါင်း ၏ ၃.၇ ရာခိုင်နှုန်းရှိသည်ဟု သိရှိရပါသည်။ ဈေးကွက်အခြေပြု ဘုံလယ်ယာစိုက်ပျိုးရေး ဆိုင်ရာမူဝါဒသည် လယ်ယာထွက်ကုန် ကုန်သွယ်မှုတွင် အီးယူ၏အောင်မြင်မှုအား အဓိကပါဝင်အကျိုးပြုခြင်းဖြစ်ကြောင်း၊ အီးယူ၏ဘေးကင်းလုံခြုံမှုရှိပြီး၊ စဉ်ဆက်အပြတ် ထုတ်လုပ်နိုင်သည့် အာဟာရပြည့်ဝသော အရည်အသွေးမီပစ္စည်းများအား ထုတ်လုပ်နိုင်မှု ဂုဏ်သတင်းသည် ကမ္ဘာ့ဈေးကွက်တွင် ယခုကဲ့သို့ နေရာရစေခြင်းဖြစ်ကြောင်း၊ ဥရောပ ကော်မရှင်အနေဖြင့် အီးယူ၏ အရေးကြီးသော ကဏ္ဍများအား လုံလောက်သည့် ကာကွယ်မှုပေးခြင်းဖြင့် လယ်ယာထွက်ကုန်စိုက်ပျိုးထုတ်လုပ်သူများကို ကမ္ဘာ့တစ်ဝန်း ဈေးကွက် အခွင့်အလမ်းများမှ အကျိုးကျေးဇူးရရှိစေရန် ကူညီပေးမည်ဖြစ်ကြောင်း ဥရောပ ကော်မရှင်၏ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာန၏ ကော်မရှင်နာဖြစ်သူ Phil Hogan က ပြောကြားခဲ့ကြောင်း သိရပါသည်။ အီးယူ၏ လယ်ယာထွက်စားသောက်ကုန် တင်ပို့မှုဆိုင်ရာ ထိပ်တန်းဈေးကွက်နိုင်ငံ (၅)နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၊ တရုတ်၊ ဆွစ်ဇာလန်၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့ဖြစ်ကြပြီး၊ အီးယူ ပို့ကုန်၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ အီးယူလယ်သမားများအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်မည့် ညှိနှိုင်း ဆွေးနွေးဆဲ ကုန်သွယ်မှု သဘောတူညီချက်များ အပြင် ဥရောပကော်မရှင် အနေဖြင့် ကော်မရှင်နာ Phil Hogan ဦးဆောင်သည့် အဆင့်မြင့်အရာရှိခရီးစဉ်များ သွားရောက်ခြင်း အပါအဝင် ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်ချက်များမှတစ်ဆင့် အီးယူ၏ ပို့ကုန်လုပ်ငန်းရှင်များ အား ဈေးကွက်သစ်များ ရရှိရေးကူညီဆောင်ရွက်ပေးနေကြောင်း၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များအတွင်း ကော်မရှင်နာ Phil Hogan သည် အီးယူမှ ထုတ်လုပ်သူလုပ်ငန်းရှင်များ လိုက်ပါလျက် တရုတ်၊ ဂျပန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု စသည့်နိုင်ငံများသို့ သွားရောက်ခဲ့ကြောင်း သိရပါသည်။ ဝိုင်နှင့် ဆေးစိမ်ဝိုင်များသည် အီးယူ၏ လယ်ယာ ထွက်ကုန်များအနက် အဓိကနေရာမှ ပါဝင်နေပြီး အရက်နှင့် ယမကာများမှာ ဒုတိယနေရာ တွင်ရှိနေကြောင်း၊ ၎င်းထုတ်ကုန်များ၏နောက်တွင် မွေးကင်းစကလေးအစားအစာများနှင့် စားသောက်ကုန်အမျိုးမျိုးတို့က နေရာယူထားကြောင်း၊ သွင်းကုန်တင်သွင်းမှုအပိုင်းတွင် အီးယူ၏ လယ်ယာထွက်စားသောက်ကုန်တင်သွင်းမှုမှာ ယူရို ၁၁၆ ဘီလီယံရှိခဲ့ပြီး ကမ္ဘာ့ ဒုတိယအများဆုံး တင်သွင်းသူဖြစ်သူကြောင်း၊ အဆိုပါ လယ်ယာထွက်စားသောက်ကုန် ကဏ္ဍ၏ ကုန်သွယ်မှုမျှခြေကိုကြည့်လျှင် အီးယူသည် ယူရို ၂၂ ဘီလီယံ အသာစီးရနေခြင်း ဖြစ်ကြောင်း သိရပါသည်။ အီးယူအနေဖြင့် အဓိက တင်သွင်းသည့် လယ်ယာထွက်ကုန် အမျိုးအစားသုံးမျိုးရှိပါသည်။ ပထမတစ်မျိုးမှာ အီးယူတွင် စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသည့် Tropical Fruit ၊ ကော်ဖီနှင့် လတ်ဆတ်သစ်သီးဝလံ (သို့မဟုတ်) သစ်သီးခြောက်များ ဖြစ်ပါသည်။ အဆိုပါထုတ်ကုန်များ အီးယူသို့ တင်သွင်းမှုမှာ ၂၀၁၈ ခုနှစ်တွင် တင်သွင်း မှုပမာဏ၏ ၂၃.၄ ရာခိုင်နှုန်းရှိကြောင်း သိရပါသည်။ ဒုတိယတင်သွင်းသည့် အမျိုးအစားမှာ တိရိစ္ဆာန်အစားအစာပစ္စည်းများဖြစ်သည့် ဆီထုတ်ပြီးသည့် ကြိတ်ဖတ် များနှင့် ပဲပိစပ်များ ဖြစ်ပြီး တင်သွင်းမှု၏ ၁၀.၈ ရာခိုင်နှုန်းရှိကြောင်း၊ တတိယအမျိုးအစားမှာ ဆင့်တက်ပြုပြင် ခြင်းလုပ်ငန်းများ၏ ပါဝင်ပစ္စည်းများဖြစ်သည့် ဆီအုန်းကဲ့သို့သော ထုတ်ကုန်များဖြစ် ကြောင်း လေ့လာသိရှိရပါသည်။ အီးယူအနေဖြင့် အမေရိကန်နိုင်ငံမှ လယ်ယာထွက်ကုန် ပစ္စည်းများတင်သွင်းမှုမှာ လျင်မြန်စွာတိုးတက်လာလျက်ရှိပြီး ၊ ၂၀၁၈ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်း တိုးတက်မှုနှင့်အတူ အီးယူ၏ လယ်ယာထွက်စားသောက်ကုန် တင်သွင်းမှု ထိပ်တန်း နိုင်ငံဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ကုန်သွယ်မှုတွင် အားနည်းခဲ့ခြင်းကြောင့် ဥရောပ၏ တိုးတက်မှုနှေးကွေး

ဥရောပစီးပွားရေး၏ အဓိကကျောရိုးသဖွယ်ဖြစ်သည့် ဂျာမနီနိုင်ငံ၏ စီးပွားရေးနှင့် ကုန်သွယ်မှု ကျဆင်းခြင်းကြောင့် ဥရောပဒေသ၏ တိုးတက်မှုနှုန်းမှာ ယခုနှစ် ဒုတိယသုံးလပတ်တွင် ထက်ဝက်ခန့် ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာန၏ ၆.၉.၂၀၁၉ နေ့တွင် ဖော်ပြချက်အရ သိရှိရပါသည်။ ယူရိုဇုန်၏ GDP တိုးတက်မှုမှာ ၂၀၁၉ ခုနှစ်၏ ပထမသုံးလပတ်ကာလတွင် ၀.၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒုတိယသုံးလပတ်တွင် ၀.၂ ရာခိုင်နှုန်း သာ ရှိခဲ့ခြင်းဖြစ်ကြောင်း အီးယူ၏ စာရင်းအင်း အေဂျင်စီ Eurostat မှ ပြောကြားခဲ့ပါသည်။ အဆိုပါစာရင်းဇယားများမှာ ကုန်သွယ်ရေး စစ်ပွဲနှင့် သေချာရေရာမှုမရှိသော ဗြိတိန်ခွဲထွက်မှု တို့၏ နှစ်ထပ်ကွမ်း ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရသည့် ယူရိုငွေကြေးအသုံးပြုသည့် ဥရောပ (၁၉) နိုင်ငံ၏ စီးပွားရေးမရေရာမှုနှင့်တူ Eurostat ၏ ကြိုတင်ခန့်မှန်းချက်များနှင့် ကိုက်ညီမှုရှိခဲ့ကြောင်း သိရပါသည်။ ကြိုတင် ခန့်မှန်းချက်များနှင့် ကိုက်ညီမှုရှိခဲ့ကြောင်း သိရပါသည်။ ဒုတိယသုံးလပတ်ကာလအတွင်း အီးယူ၏ ကုန်သွယ်မှုသည် ကျဆင်းခဲ့ပြီး သွင်းကုန် အပိုင်းတွင် ပထမသုံးလပတ်ထက် လျော့နည်း၍ တိုးတက်ခဲ့ကြောင်း၊ ပထမ သုံးလပတ်၏ ပို့ကုန်တင်ပို့မှုမှာ ၀.၉ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့သော်လည်း ဒုတိယ သုံးလပတ်တွင် ပို့ကုန်မှာ တန့်နေခဲ့ကြောင်း၊ ထို့ကြောင့် GDP တွင် ကုန်သွယ်မှု၏ ထည့်ဝင်အကျိုးပြုမှုမှာ ၀.၁ ရာခိုင်နှုန်းဖြစ်ခဲ့ကြောင်း သိရပါသည်။ အမေရိကန်ဒေါ်လာ (၂၀၀) ဘီလီယံတန်ဖိုးရှိ တရုတ်နိုင်ငံ၏ ကုန်စည်များအပေါ် သွင်းကုန်အခွန်တိုးမြှင့်မည့် အမေရိကန်သမ္မတဒေါ်နယ်တရင့်၏ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဘဏ္ဍာရေး ဈေးကွက်ကို ထိခိုက်မှုရှိခဲ့ကြောင်း သိရပါသည်။ အီးယူအနေဖြင့် အဆိုပါ ကုန်သွယ်ရေး တင်းမာမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်မှုမရှိသေးသော်လည်း တရုတ်နိုင်ငံတွင် ထုတ်လုပ်မှု လုပ်ငန်းများ လုပ်ကိုင်နေသည့် ဥရောပကုမ္ပဏီများအနေဖြင့် အကျပ်အတည်းကို ခံစားကြ ရကြောင်း၊ ဝါရှင်တန်အနေဖြင့် ပြီးခဲ့သည့်နှစ်က ဥရောပ၏ သံမဏိနှင့် အလူမီနီယံ ပစ္စည်းများအပေါ် သွင်းကုန်ခွန်သတ်မှတ်ပြီးနောက် ဥရောပ ကုမ္ပဏီများအပေါ် ကုန်သွယ်ရေး ပိတ်ဆို့မှုအသစ်များ လုပ်ဆောင်ရန် ထပ်တလဲလဲ ခြိမ်းခြောက်မှုများလည်း ရှိနေကြောင်း သိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## ကျပ်ငွေတန်ဖိုးကျဆင်းခြင်းသည် ကောင်းမွန်သည့်လက္ခဏာတစ်ရပ် မဟုတ်သကဲ့သို့ ငွေလဲလှယ်နှုန်း တည်ငြိမ်ရေးမှာလည်း ကုန်သွယ်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် အရေးကြီးကြောင်း ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ပြောကြား

ကျပ်ငွေတန်ဖိုးကျဆင်းခြင်းသည် ကောင်းမွန်သည့် လက္ခဏာတစ်ရပ် မဟုတ်သကဲ့သို့ ငွေလဲလှယ်နှုန်းတည်ငြိမ်ရေး မှာလည်း ကုန်သွယ်မှုနှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက်အရေးကြီးကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ပြောကြား ခဲ့သည်။ စက်တင်ဘာ ၉ ရက်က ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်များအတွက် ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့်ငွေရေးကြေးရေး တည်ငြိမ်မှုအခြေအနေ အစီရင်ခံစာတို့နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ပြန်လည်ရှင်းလင်းစဉ် ဒုတိယ ဥက္ကဋ္ဌက ယင်းသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။ ၂၀၁၂ ခုနှစ်မတိုင်မီကာလများတွင် အမေရိကန်တစ်ဒေါ်လာလျှင် ငါးကျပ်နှုန်းဖြင့် တရားဝင် လဲလှယ်နှုန်းအဖြစ် ထုတ်ပြန်ခဲ့ကြောင်း၊ တရားမဝင်ငွေလဲလှယ်နှုန်းတွင်မူ ကျပ် ၇၀၀၊ ကျပ် ၈၀၀ ဝန်းကျင်ခန့် ရှိခဲ့ကြောင်း၊ အချို့နှစ်များတွင် ကျပ် ၁၀၀၀ ကျော်သည်ကို တွေ့ရကြောင်း၊ ယင်းသို့ ငွေလဲလှယ်နှုန်းကွာခြားချက် ကြီးမားလာမှုကို သင့်တော်သည့်နှုန်းထားတစ်ရပ်ပေါင်းစည်းမှု ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၂ ခုနှစ် ဧပြီ ၂ ရက်မှစကာ (Managed Float Exchange Rate Regime)ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌက လွှတ်တော်၌ပြောကြားခဲ့သည်။ ဈေးကွက်နဲ့နီးစပ်တဲ့ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ဖို့နဲ့ နိုင်ငံခြားငွေဈေးကွက်ကို ထိန်းကျောင်းနိုင်ဖို့အတွက် နိုင်ငံခြားငွေဈေးပြိုင် လေလံစနစ်ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံတော်

ဗဟိုဘဏ်အနေနဲ့ကတော့ ဘဏ်တွေကနေပြီးတော့ နိုင်ငံခြားငွေဈေးပြိုင် လေလံတင်သွင်းတဲ့ ငွေလဲလှယ်နှုန်းတွေနဲ့ ပြည်တွင်းပြည်ပငွေလဲလှယ်နှုန်း ပြောင်းလဲမှုအခြေအနေတွေကို အခြေခံပြီးတော့ ရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ထုတ်ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ကျပ်ငွေတန်ဖိုးကျဆင်းခြင်းဟာ ကောင်းမွန်တဲ့လက္ခဏာတစ်ရပ်မဟုတ်သလို ငွေလဲလှယ်နှုန်း တည်ငြိမ်ရေးဟာလည်း ကုန်သွယ်မှုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေအတွက် အရေးကြီးပါတယ်။ ထို့အတွက် Flexible Exchange Rate ဖြစ်ဖို့အတွက် ဈေးကွက်အခြေပြုတဲ့ ငွေလဲလှယ်နှုန်းသတ်မှတ်နိုင်ဖို့ ရည်ညွှန်းငွေလဲလှယ်နှုန်းသတ်မှတ်ခြင်းကို နိုင်ငံခြားငွေ ဈေးပြိုင်လေလံအပေါ် အခြေခံသတ်မှတ်ခြင်းထက် ဘဏ်အချင်းချင်း သတ်မှတ်ဈေးကွက်မှာ Interbank Market မှာရှိတဲ့ ရောင်းဝယ်ဆောင်ရွက်တဲ့ ငွေလဲလှယ်နှုန်းပမာဏအပေါ်မှာ အခြေပြုတွက်ချက်တဲ့ Weighted Average Exchange Rate နည်းလမ်းကို ပြောင်းလဲသတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ ကာလတိုအတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း ကြီးမားစွာတက်ခြင်း၊ ကျခြင်းကို လျော့ပါးစေဖို့အတွက် စည်းမျဉ်းအခြေခံနဲ့နိုင်ငံခြားငွေ ထိန်းကျောင်းဆောင်ရွက်မှုဘောင် (Rule–based Interventions Framework) ကို ချမှတ်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်ဟု ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းကပြောကြားသည်။

ထို့အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် သွင်းကုန် ပိုမိုတင်သွင်းလာသည့်အခြေအနေ ပေါ်တွင်လည်း မူတည်ကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်ရေးသည် ပို့ကုန်ရငွေများအသုံးပြုပြီး ပြည်တွင်းကို အပြည့်အဝမှန်ကန်စွာ ဝင်ရောက်ရေးသည် အဓိကကျသည့်အချက်ဖြစ်ကြောင်း၊ ထို့အတွက် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းခြင်းသည် နိုင်ငံ၏ နိုင်ငံခြားသီးသန့်ရန်ပုံငွေပိုင်ဆိုင်မှု၊ စီးပွားရေး၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးဆိုင်ရာ မေခရိုစီးပွားရေးအခြေအနေများ၊ အားကောင်းခိုင်မာမှုအပေါ် များစွာမူတည်လျက်ရှိကြောင်း၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မူဝါဒပိုင်းဆိုင်ရာများအား ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ဗဟိုဘဏ်အနေဖြင့် အနာဂတ်ကာလတွင် မူဝါဒအတိုးနှုန်းတစ်ရပ်ကိုသာ သတ်မှတ်မည်ဖြစ်ပြီး ဘဏ်များအနေဖြင့် မိမိမူဝါဒအရ အတိုးနှုန်းများကို လွတ်လပ်စွာသတ်မှတ်နိုင်မည့် အခြေအနေအထိ ရောက်ရှိအောင် အတိုးနှုန်းဖြေလျှော့မှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အကူအညီရယူကာ ဆောင်ရွက်လျက်ရှိကြောင်း ဦးစိုးမင်းက ပြောကြားခဲ့သည်။ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးသည် ဗဟိုဘဏ်၏ အဓိကရည်မှန်းချက်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးအတွက် ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို စည်းမျဉ်းများချမှတ်ကာ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**Source:** https://news-eleven.com/article/133659

## ရေနံချောင်း၌ ဝယ်လိုအားနည်း၍ နွားအရောင်းအဝယ်အေး



အညာဒေသရှိ နွားမွေးမြူရေးလုပ်ငန်းများ နွားအရောင်းအဝယ်အေးနေကြောင်း ရေနံချောင်းမြို့နယ်ရှိ ပွဲစားနှင့်တောင်သူများထံမှ သိရသည်။ နွားတစ်ကောင်ကလည်း အနိမ့်ဆုံးဈေး ကျပ် ၁၆ သိန်း၊ ၁၈ သိန်းနဲ့ သိန်း ၂၀ ကြား တန်ဖိုးရှိပေမယ့် ဝယ်လက်ကမရှိဘူး။ ကျပ် ၁၆သိန်းအောက် နွားတွေပဲ အရောင်းအဝယ်အနည်းအကျဉ်းရှိတယ်။ ကုန်သည်နဲ့

ပွဲစားကလည်း နွားကိုဝယ်မထားနိုင်ဘူး။ ဒါကြောင့် အရောင်းအဝယ် အေးနေတာပါဟု ရေနံချောင်းမှ နွားကုန်သည်တစ်ဦးကပြောဆိုသည်။ ရေနံချောင်းမြို့နယ်အတွင်း၌ နွားများမွေးမြူရာတွင် အနည်းဆုံး ၁၀ ကောင်မှ ကောင်ရေ ၃၀ အထိ ခြံကျယ်ကျယ်နှင့် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူကြကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/128158.html

## မကွေးတွင် နှမ်းထွက်နှုန်းကောင်းသော်လည်း အရောင်းအဝယ်ပါးနေ

မကွေးတိုင်းဒေသကြီးတွင် ယခုနှစ်တွင် နှမ်းအထွက်နှုန်းကောင်းသော်လည်း ရာသီဥတုမမှန်၍ နှမ်းအရည်အသွေးမကောင်းခြင်း၊ ရှမ်း/မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်နေဖြစ်ကြောင့် အရောင်းအဝယ်အေးနေကြောင်း မကွေးတိုင်းဒေသကြီးကုန်သည်ကြီးများအသင်းမှသိရသည်။ နှမ်းအရည်အသွေးနိမ့်ကျလာပြီး တရုတ်ဘက်ကိုသွားတဲ့လမ်းကလည်း နယ်မြေအေးချမ်းသာယာမှုမရှိတော့ ဈေးကောင်းမရဘူး။ အရည်အသွေးနိမ့်လို့နိမ့်ခံရ၊ လမ်းကြောင်းမကောင်းလို့ နှိမ်ခံရနဲ့ နှိမ့်ဆိုရောင်းရ၊ ဝယ်ရတာအဆင်ပြေပါတယ်။ နှမ်းအရည်အသွေးမကောင်းတာကလည်း တောင်သူတွေကြောင့်မဟုတ်ပါဘူး။ ရာသီဥတုအခြေအနေအရ ရေဓာတ်တွေများ၊ အက်ဆစ်ဓာတ်ပါတွေများလာပြီး အက်ဆစ်မလွတ်တဲ့ နှမ်းတွေကများတော့ လျှော့ဈေးနဲ့ရောင်းရတော့ ကုန်သည်တွေလည်းအခက်အခဲရှိတယ်။ နှမ်းပေါ်တဲ့အင်အားကများတော့ လက်ထဲမထားတော့ဘဲ အမြတ်နည်းနည်းရရင် ရောင်း၊ နည်းနည်းရှုံးလည်း ရောင်းနေရတော့ ကုန်သည်တွေလည်း ကြိုးတန်းပေါ်လမ်းလျှောက်နေရသလိုပါပဲ။ အတက်အကျ မှန်းရခက်တော့လေဟု မကွေးတိုင်းဒေသကြီး၊ ကုန်သည်ကြီးများအသင်း အတွင်းရေးမှူး ဦးကျော်ဒွန်းကပြောသည်။

မကွေးတိုင်းဒေသကြီးက ထွက်ရှိသည့်နှမ်းများမှာ မန္တလေးဈေးကွက်ကို အများဆုံးတင်ပို့ကြပြီး တရုတ်ပြည်ကိုတင်ပို့ရောင်းချရခြင်းဖြစ်သည်။ နှမ်းထွက်နှုန်းဟာ ယခင်နှစ်တွေထက် ဒီနှစ်ပိုရပါတယ်။ ဒါပေမယ့် လုပ်အားခနဲ့တွက်ရင်တွက်ချေမကိုက်ဘူး။ အလုပ်သမားခဟာ အရင်နှစ်တွေမှာ ကျပ် ငါးထောင်သာပေးရတယ်။ ဒီနှစ်မှာ ကျပ် ၁၀၀၀၀ အထိနှစ်ဆခန့် မြင့်တက်လာပါတယ်။ ရွာမှာ အလုပ်သမားရှားပါးတာက ဒီနှစ်ပိုင်း ရွာစီးပွားရေးအခြေအနေမကောင်းတာကြောင့် လစဉ်နှစ်ပတ်လည်ဝင်ငွေရတဲ့ ရန်ကုန်၊ မန္တလေးသွားရောက် အလုပ်လုပ်နေကြတယ်လေ။ ရွာရှိ ကျန်ရှိအလုပ်သမားလောက်နဲ့ပဲ ခြေကန်လုပ်ကြတော့ တောင်းတဲ့ဈေး ပေးခိုင်းကြရပါတယ်ဟု မကွေးမြို့နယ် မြောက်ကွမ်းအောင်ကျေးရွာမှ ဦးမြင့်မောင်ကပြောသည်။ မကွေးတိုင်းတွင် နှမ်းကို စမုံနှမ်းနက်၊ ဥနက်၊ နှမ်းဖြူ၊ နှမ်းနီများကို စိုက်ပျိုးကြပြီး စက်တင်ဘာ ၇ ရက်နေ့ပေါက်ဈေးမှာ စမုံနှမ်းနက်မှာ တစ်တင်းလျှင် ၉၀၀၀၀ ကျပ် ပေါက်ဈေး ရှိပြီး ဥနက်နှမ်းမှာ တစ်တင်းလျှင် ၇၀၀၀၀ ကျပ်၊ နှမ်းဖြူနှင့်နှမ်းနီမှာ တစ်တင်းလျှင် ၅၀၀၀၀ ကျပ်မှ ၆၀၀၀၀ ကျပ်ခန့် ပေါက်ဈေးရှိကာ မကွေးမြို့နယ်တွင် နှမ်းဖြူကို အများဆုံးစိုက်ပျိုးကြကြောင်းသိရသည်။ နှမ်းဈေးမှာ နှမ်းဖြူ ကို ကျပ် ၇၀၀၀၀ ပေးဝယ်ရပြီး ရောင်းတော့ ကျပ် ၄၇၀၀၀၊ ဥနက်ကို ကျပ် ၉၀၀၀၀ ပေးဝယ်ရပြီး ရောင်းဈေး ကျပ် ၆၆၀၀၀ လောက်နဲ့ ရောင်းနေရတယ်။ ဒီနှစ်တော့ မတ်တပ်ရပ်စာလောက်ပဲ ကျန်တယ်။ မိရိုးဖလာအလုပ်ဖြစ်နေတော့ ဒီတောင်သူအလုပ်ပဲ လုပ်နေရတာပေါ့ဟု မကွေးမြို့နယ်၊ ကွမ်းအောင်အုပ်စု၊ ရုံးကုန်းကျေးရွာနေ ဦးတင်စန်းကပြောသည်။ နှမ်းများကို ပြည်ပတင်ပို့မှုအနေဖြင့် တရုတ်ပြည်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး လာမည့်စက်တင်ဘာ ၁၅ နေ့သည် တရုတ်မုန့်စားပွဲတော်ဖြစ်သည့်အတွက် ထိုရက်မတိုင်ခင် နှမ်းဈေးကွက်အရောင်းအဝယ် ပြန်သွက်နိုင်ကာ မုန့်စားပွဲတော်နောက်ပိုင်းမှာ ပုံမှန်အတိုင်းပြန်အေးနိုင်ကြောင်း မကွေးကုန်သည်များက သုံးသပ်နေကြသည်။

**Source:** http://www.mizzimaburmese.com/article/60362

## တရုတ်ဝယ်လိုအားကျဆင်း၍ မူဆယ်ကုန်သွယ်ရေးဇုန်သို့ ဖရဲသီးတင်ပို့မှု ရပ်ဆိုင်းထားရ

တရုတ်နိုင်ငံမှ ဖရဲဝယ်လိုအားကျဆင်းနေခြင်းကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ပြည်တွင်းမှ ဖရဲသီးတင်ပို့မှုရပ်ဆိုင်းသွားကြောင်းမူဆယ်အခြေစိုက်သစ်သီးပွဲရုံများမှသိရသည်။ သူတို့ဆီမှာလည်း အသီးတွေပေါ်တော့လေ တရုတ်ဝယ်လက်ကလည်း နည်းနည်းလေးအဝယ်ဆိုင်းနေတော့ ဝမ်တိန်မှာ အောက်ချပုံထားရတဲ့ အနေအထားမျိုးဖြစ်နေတယ်။ အဝယ်ကလည်း နည်းတဲ့အတွက်ကြောင့်တင် ပို့မှုနည်းနည်းရပ်နေတယ်၊ အဓိကအချက်က သူတို့ဆီမှာ ပေါ်တဲ့အချိန်ဖြစ်နေ

လို့ပါ။ နောက်လဆိုရင်တော့ ဝယ်တော့မှာပါဟု မြန်မာနိုင်ငံ ဖရဲသခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ တရုတ်နိုင်ငံတွင် ဖရဲသီးပေါ်ချိန်ဖြစ်နေသည့်အချက်အပါအဝင် မူဆယ်ကုန်သွယ်ရေး လမ်းကြောင်း၏ လုံခြုံရေးအခြေအနေတို့ကြောင့် တရုတ်ဘက်မှဖရဲဝယ်လိုအားကျဆင်းကာ မူဆယ်နယ်စပ်ကုန်သွယ်ရေး ဇုန်တွင် ဖရဲဈေးနှုန်းထက်ဝက်ခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ယခင်က ဖရဲတစ်တန်လျှင် ယွမ်ငွေ ၁၅၀၀ ဝန်းကျင် ဈေးပေါက်ခဲ့ရာမှ ယခုအခါ အရောင်းအဝယ် ကျဆင်းခြင်းကြောင့် ဖရဲတစ်တန်လျှင် ယွမ် ၆၀၀ မှ ၈၀၀ ဝန်းကျင်သို့ ကျဆင်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ဖရဲသီးတင်ပို့မှုကို သစ်သီးပွဲရုံများမှ ယာယီရပ်နားထားကြောင်းသိရသည်။ ခုချိန်က ဖရဲရာသီမဟုတ်တော့ ဖရဲလုပ်တဲ့ပွဲရုံတွေကရပ်ထားတာပါ။ ဈေးကထက်ဝက်လောက် ကျသွား တယ်။ တစ်တန်ကိုယွမ် ၇၀၀ တောင်ရောင်းချင်လို့ရောင်းမထွက်ဘူး။ တိုက်ပွဲကာလတုန်းက နည်းနည်းပြုံဝင်တာတွေရှိတယ် ၊ အဝယ်ကမရှိဘူး။ အဓိက သူတို့ဆီမှာ ပေါ်ချိန်ဖြစ်နေလို့ပါဟု မူဆယ်၊ ခွာညို သစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က ပြောသည်။

တရုတ်နိုင်ငံအနေဖြင့် နှစ်စဉ် ယခုလိုအချိန်တွင် မြန်မာနိုင်ငံမှဖရဲသီးကို ဝယ်ယူမှုနည်းတတ်ကြောင်း အောက်တိုဘာလတွင် ဝယ်ယူမှုများတတ်ကြောင်း လာမည့်လပိုင်းအတွင်း ပုံမှန်ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိနိုင်ကြောင်း ကုန်သည်များက ဆိုသည်။ ခုကျတော့ ဈေးသိပ်မရဘူး။။ တိုက်ပွဲတွေ စဖြစ်တဲ့အချိန်ကစလို့ တဖြည်းဖြည်းကျလာတာပဲ။ အရင် ကတော့ အသီးအဝင်လည်းနည်းတယ်။ အခုကျတော့ အသီးကအဝင်လည်း နည်းနည်းများလာတယ်။ တရုတ်အဝယ်ကမရှိတော့ ဝယ်လိုအားကနည်း၊ ရောင်းလိုအားကများပြီး၊ ဈေးကကျသွားတာဟု ဦးနိုင်ဝင်းကဆိုသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ နှစ်စဉ် ဖရဲတန်ချိန် ရှစ်သိန်းခန့်ဝယ်ယူနေပြီး သခွားမွေးတန်ချိန် တစ်သိန်းခွဲခန့် ဝယ်ယူနေကြောင်းသိရသည်။ မြန်မာနိုင်ငံမှ ဖရဲကိုတရုတ်နိုင်ငံအပြင် ဟောင်ကောင်၊ စင်ကာပူနိုင်ငံများသို့တင်ပို့နေပြီး အခြားသောနိုင်ငံများသို့လည်းတင်ပို့နေသည်။

**Source:** http://www.mizzimaburmese.com/article/60343

## ပြည်တွင်းသကြားဈေးနှုန်းကျဆင်းပြီး ပြည်တွင်းသကြားစက်ရုံများ ကြံဈေးနှုန်းလျှော့ချဝယ်ယူမှုကြောင့် ကြံစိုက်တောင်သူများ အခက်အခဲဖြစ်နေ

ဆယ်စုနှစ်အတွင်း ပြည်တွင်းသကြား ဈေးအနိမ့်ဆုံးဈေးရောက်ရှိနေခြင်း ပြည်တွင်းသကြားစက်ရုံများ၌ သကြား ၈၀ ရာခိုင်နှုန်းခန့် စုပုံနေခြင်းတို့ကြောင့် စက်ရုံများ ကြံဈေးနှုန်းလျှော့ချဝယ်ယူမှုကြောင့် ကြံစိုက်တောင်သူများ အခက်အခဲဖြစ်နေကြောင်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတို့မှ ကြံစိုက်တောင်သူများထံကသိရသည်။ ကျွန်တော်တို့ ကြံဈေး အလွန်တရာနိမ့်ကျသွားတဲ့အကြောင်းရင်းက အဓိကဖြစ်နေတယ်။ ဘာကြောင့် ကြံဈေးနိမ့်ကျသွားသလဲဆိုတော့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကြံတစ်တန် ကျပ် ၅၀၀၀၀ ဈေးရတယ်။ ၂၀၁၆- ၂၀၁၇ မှာ ကျပ် ၄၅၀၀၀ ဈေးရတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကျပ် ၄၁၅၀၀ ဈေးရတယ်။ အခု ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ကြံတစ်တန် ကျပ် ၃၈၀၀၀ ဈေးပေးနေတယ်။ သကြားဈေး ၉၅၀ ဈေးကိုအခြေခံပြီး သကြားဈေး ငါးဆယ်တက်တိုင်း ကြံတစ်တန် တစ်ထောင်ဈေးတက်ပေးမယ်။ သကြားစက်ရုံဘက်ကနေပေ့ါ။ သကြားဈေး ဘာကြောင့်ပျက်သွားလဲဆိုတော့ ပြည်တွင်းဈေးကွက်မှာ နိုင်ငံခြားကနေတင်သွင်းလာတဲ့ သကြားတွေလွှမ်းမိုးသွားတယ်။ Re-export ဆိုပြီး တရုတ်ပြည် တရားမဝင်ပို့နေတဲ့ သကြားတွေ ကြောင့်လဲပါတယ်။ အခုနယ်စပ်မှာ ပိတ်သွားတဲ့အတွက် မူဆယ်မှာဆို သကြားတန် သိန်း ခြောက်သောင်းလောက် စုပုံနေတယ်။

ပြည်တွင်းစက်ရုံကနေထုတ်ထားတဲ့ သကြားက တန်လေးသိန်းလောက်ရှိနေတယ်။ ပြည်တွင်းစက်ရုံ ၁၈ရုံ သကြားထုတ်က တစ်နှစ်သကြားတန်ငါးသိန်းလောက် ထွက်တယ်။ ပြည်တွင်းစားသုံးမှု လေးသိန်းရှိရင်တောင် သကြားတန် ၁၀ သိန်းလောက်ပြည်တွင်းမှာပို့နေတယ်။ ပို့နေတဲ့တန်တစ်သိန်းကို ဈေးကွက်ရှာဖွေရမှာလေ။ ရောင်းဖို့ရအောင် ပို့နေတာတောင် ပြည်ပကနေ လုပ်ငန်းရှင်တွေက သကြားကိုတင်သွင်းပြီး ဈေးကွက်ထဲတရားမဝင်ပြန်လည်ရောင်းချနေတာကြောင့် သကြား ဈေးကွက် တစ်ခုလုံးပျက်သွားတယ်။ ပြည်တွင်းစက်ရုံသကြားတွေက သကြားမရောင်းရတော့ဘူး။ ကျွန်တော်တို့ ကြံစိုက်တောင်သူတွေလည်း အကျိုးအကြောင်းဆက်ဆံမှုတွေရှိတော့ ကြံဈေးပေးလို့မရတော့ ဒုက္ခရောက်ကုန်တယ်ဟု စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်အိုကြီးကျေးရွာမှ ဦးချိုတူးကပြောကြားသည်။ ယခင်နှစ် သကြားလက်ကျန်များစွာ ရောင်းချနိုင်ခြင်းမရှိခြင်းကြောင့် ကြံတန်ချိန်တစ်သိန်းကျော်ကျန်ရှိနေပြီး လာမည့်ကြံရာသီ၌ ကြံတန်ချိန် ၁၀ သိန်းခန့် ကြိတ်ဝါးရန် ရည်မှန်းထားခြင်းကြောင့် ကြံတစ်တန် ကျပ် ၃၈၀၀၀ ဖြင့်သာ ဝယ်ယူဖြစ်ကြောင်း မောင်းကုန်းသကြား စက်ရုံထံမှသိရသည်။ ယခုနှစ် ကြံခုတ်သိမ်းရာသီတွင် ထီးချိုင့်၊ ကသာနယ်ဘက်မှ ကြံတန်ချိန် ၁၈ သိန်းခန့်ထွက်ရှိသော်လည်း

စက်ရုံမှ ၁၃ သိန်းခန့်သာ ဝယ်ယူနိုင်သဖြင့် တောင်သူများလက်ဝယ်တွင် ကျန်ရှိနေသည့် ကြံတန်ချိန်ငါးသိန်းခန့်အား ပွက်ရည်ချက်၍ မန္တလေးဈေးကွက်သို့ ပို့ဆောင်ရောင်းချရမည့် အနေအထားတွင်ရှိနေပြီး ၎င်းပွက်ရည်ဈေးမှာလည်း ယခင်နှစ်ထက် ကျဆင်းနေကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးထုတ်လုပ်မှုမှာ ဧကလေးသိန်းကျော်ရှိပြီး ကြံတန်ချိန် ၁၀ သန်းကျော်ထွက်ရှိကြောင်း၊ လက်ရှိ မြန်မာထွက် ကြံနှင့်သကြားများကို တရုတ်ဈေးကွက်သို့ တင်ပို့ရောင်းချမှုသာရှိကြောင်း၊ ၂၀၁၉- ၂၀၂၀ ကြံရာသီကို ဒီဇင်ဘာလမှဧပြီလအထိ သတ်မှတ်ထားကြောင်းသိရသည်။ ကြံရာသီစိုက်ပျိုးမှုနှင့် သကြားထွက်ရှိမှုသည် ၂၀၁၇-၂၀၁၈တွင် စိုက်ဧက ၄၀၀၀၀၀ ကျော်ရှိပြီး သကြားတန်ချိန် ၅၀၀၀၀၀ ကျော်ထွက်ရှိပြီး ၂၀၁၈ ၂၀၁၉ ခုနှစ်တွင် ကြံစိုက်ဧကတိုးလာပြီး စိုက်ဧက ၅၀၀၀၀၀ နီးပါးရှိကြောင်းသိရသည်။

**Source:** https://news-eleven.com/article/133633

## သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလားဆီးသီးတို့ အား မြန်မာ-တရုတ် နယ်စပ်ဂိတ်လေးခုတွင် ရောဂါပိုးမွှားစစ်ဆေးနိုင်

သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့်ကုလားဆီးသီးတို့အား မြန်မာ-တရုတ် နယ်စပ်ဂိတ်လေးခုတွင် အပင်ရောဂါပိုးမွှား စစ်ဆေးနိုင်ပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်များဖြစ်သည့် ချင်းရွှေဟော်- မိန့်တိန်ဂိတ်၊ ကန်ပိုက်တီရှိ ဟိုချောင်ဂိတ်၊ လွယ်ဂျယ်-ကျန်း ဖုန်းဂိတ်၊ ကြူကုတ်-ဝမ်တိန်ဂိတ်တွင် လည်းကောင်း သစ်သီးများအတွက် ကြီးကြပ်စံမံခန့်ခွဲသည့် နေရာများသတ်မှတ်ထားပြီး ကူးစက်ရောဂါပိုးမွှားအန္တရာယ် များကို စစ်ဆေးနိုင်ပြီဖြစ်ကြောင်း တရုတ်အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က အကြောင်းပြန်ကြား လာကြောင်းသိရသည်။ တရုတ်ဘက်ကို တရားဝင်တင်ပို့ခွင့်ရရှိတဲ့ သရက်၊ သခွားမွှေးနဲ့ ကုလားဆီးသီးစတာတွေမှာ ကူးစက်တတ်တဲ့ အပင်ပိုးမွှားရောဂါပိုးကို ဘေးအန္တရာယ်များပြားတဲ့ ကုန်ပစ္စည်းတွေဖြစ်လို့ တရုတ်ကသေချာစစ်ဆေးပြီးမှ ဝယ်တယ်။ တရုတ်ဘက်က အကောက်ခွန်ရုံးဖြစ်တဲ့ ကြီးကြပ်စစ်ဆေးရေးသတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်နိုင်တယ်ဟု အဆိုပါဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံဘက်သို့ လယ်ယာထွက်ကုန်ပစ္စည်း သစ်သီးဝလံများအား တင်ပို့လျက်ရှိပြီး အဓိကအားဖြင့် ဆန်၊ ပြောင်းအပြင် သရက်သီး၊ ဖရဲသီး၊ နာနတ်သီး၊ တစ်သျှူးငှက်ပျော၊ ချဉ်ဖောင်ဖာ လာနှင့် ဂျုတို့အား အများဆုံး တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ တင်ပို့သည့် လယ်ယာထွက်ကုန်များဖြစ်သည့် (ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ မြေပဲ၊ ဝဥ၊ ကျွဲကော သီး၊ ကြက်မောက်သီး၊ ဒူးရင်းသီး၊ ရာဘာ)၊ မွေးမြူရေး ထွက်ကုန်များဖြစ်သည့် (ကျွဲ၊ နွား၊ သိုး၊ ဆိတ် အရှင်)၊ ရေထွက်ကုန်များဖြစ်သည့် (ငါး၊ ပုစွန်၊ ဂဏန်း၊ ငါးရှဉ့်၊ ကင်းမွန်) အစရှိသည်များကို AQSIQ (တရုတ် နိုင်ငံ ကုန်ပစ္စည်းအရည်အသွေးစစ်ဆေးရေးဝန်ကြီးဌာန)က အသိအမှတ်ပြုလာရန် ဆောင်ရွက်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ AQSIQ သည် ဆန်၊ သရက်၊ ဖရဲ၊ သခွား၊ ဇီးသီး စသည့် သီးနှံ(၅) မျိုးကိုသာ တရားဝင် အသိမှတ်ပြုထားကြောင်းသိရသည်။

မြန်မာဘက်မှ တစ်သျှူးငှက်ပျော၊ သံပရာ၊ နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကော်သီး စသည့် သစ်သီးဝလံများ၏ အချက် အလက်များကို တရုတ်နိုင်ငံဘက်သို့ ပေးပို့ထားကြောင်းသိရသည်။ ထို့ပြင် နှစ်နိုင်ငံကုန်သွယ်ရေးလမ်းကြောင်းများမှ ဖြတ်ကျော်၍ သစ်သီးဝလံများကိုတင်ပို့ရာတွင် အကောက်ခွန်နှင့် အပင်ပိုးမွှားပါဝင်မှုစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များ၊ ဈေးကွက်အတွင်းသို့ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်များအပါအဝင် စားသောက်ကုန်များတင်ပို့ရေး စသည်တို့ကိုလည်း ဆွေးနွေးထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2428585197226962? __ xts__ %5B0 %5D=68.ARAZpsrsb

## လာမည့်ကြံရာသီချိန်တွင် သကြားပေါက်ဈေးအပေါ် လိုက်၍ ကြံတစ်တန်ဈေးဖြတ်ဝယ်ယူမည်

လာမည့်ကြံရာသီချိန်တွင် သကြားပေါက်ဈေးအပေါ် လိုက်၍ ကြံဈေးနှုန်းကို ဈေးဖြတ်ဝယ်ယူသွားမည်ဖြစ်ကြောင်း ကြံနှင့် သကြားထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှသိရသည်။ နေ့စဉ် ဈေးကွက်အတွင်း သကြားတစ်ပိဿာလျှင် ၉၀၀ ကျပ် ဈေးရှိပါက ကြံတစ်တန်ကို ၃၈၀၀၀ ကျပ်ခန့်ပေးဝယ်ခြင်း၊ တစ်ပိဿာလျှင် ၉၅၀ ကျပ်ဈေးဖြစ်လာပါက ကြံတစ်တန်လျှင် ကျပ် ၃၇၀၀၀ ကျပ်၊ တစ်ပိဿာလျှင် ၁၀၀၀ ကျပ် ဈေးဖြစ်လာပါက တစ်တန်လျှင် ၃၉၀၀၀ ကျပ်၊ တစ်ပိဿာလျှင် ၁၀၅၀

ကျပ် ဖြစ်လာပါက တစ် တန်လျှင် ၄၀၀၀ ကျပ်၊ တစ်ပိဿာလျှင် ၁၂၀၀ ကျပ်ဖြစ်လာပါက တစ်တန်လျှင် ၄၃၀၀၀ ကျပ်၊ တစ်ပိဿာ လျှင် ၁၃၀၀ ကျပ်ဖြစ်လာပါက တစ်တန်လျှင် ၄၅၀၀၀ ကျပ် စသဖြင့် စက်ရုံ၊ နေရာဒေသနှင့် ယှဉ်ပြိုင်မှုအပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိလာမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ကြံဈေးပေးဝယ်တာက နေရာဒေသအလိုက် ယှဉ်ပြိုင်မှုရှိတဲ့နေရာတွေကတော့ အပြောင်းအလဲရှိမှာပေါ့။ ဒါကြောင့်လည်း လာမယ့်ကြံသီးနှံရာသီမှာ ဘယ်လိုဖြစ်သင့်တယ်ဆိုတာ စက်တင်ဘာ ၁၀ ရက်နဲ့ ၁၁ ရက်မှာ ကျင်းပမယ့် ကြံဖိုရမ်မှာ ဆွေးနွေးအဖြေရှာကြမှာပါ။ ကျွန်တော်တို့ဘက်ကနေ ပြည်ပက ရားမဝင်ဝင်ရောက်တာ၊ တင်သွင်းခွင့်ပေးထားတာ ဒါတွေကို သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြထားတာအကြောင်းမပြန်သေးဘူး။ အခုနှစ် ကြံစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပဲရှိနေတယ်။ မနှစ်က ဧက လေးသိန်းလေးသောင်းကျော်ရှိခဲ့တယ်။ အခုနှစ်လည်း ဒီအတိုင်းပဲဟုပြောသည်။ လာမည့် ကြံရာသီ( ၂၀၁၉ခုနှစ် ဒီဇင်ဘာမှ ၂၀၂၀ပြီ) စက်ရုံအလိုက် ကြံကြိတ်ဝါးရန် လျာထားချက်အရ ဂရိတ်ဝေါ စက်ရုံက ကြံတန်ချိန် ၁၄ သိန်း၊ နဝဒေးစက်ရုံက ကြံတန်ချိန် ၁၁ သိန်းခန့်၊ မောင်းကုန်းသကြား စက်ရုံက ကြံတန်ချိန် ၁၀ သိန်းသာ ကြိတ်ဝါးရန်လျာထားကြောင်း သိရသည်။

မောင်းကုန်းစက်ရုံတာဝန်ခံ ဦးထွန်းနိုင်က မနှစ်ကသကြားတွေ ဂိုဒေါင်ထဲမှာ ဒီအတိုင်းပဲမရောင်းရဘူး။ ဒီနှစ်တော့ သကြားဈေးအပေါ် လိုက်ပြီး ကြံတစ်တန်ဝယ်ယူမယ့်ဈေးကို သတ်မှတ်ဖို့ပါ။ စက်ရုံရောတောင်သူရော အဆင်ပြေဖို့ အစိုးရအနေနဲ့ ပြည်တွင်းသကြားဈေးကွက်ကို ကာကွယ်ပေးဖို့လိုအပ်ပါတယ်။ ထိုင်းနယ်စပ်ကနေ တရားဝင်တာရော၊ မဝင်ဝင်တာတွေရောကို တားဆီးပေးဖို့ လိုအပ်ပါတယ်ဟုပြောသည်။ ပြည်တွင်း ကြံရာသီအလိုက် စိုက်ပျိုးမှုနှင့် သကြား ထွက်ရှိမှု စာရင်းအရ ၂၀၁၄-၁၅ ခုနှစ်က စိုက်ဧက ၄၄၀၀၀၀ ကျော်တွင်၊ သကြား တန်ချိန် ၄၅၀၀၀၀ ခန့်၊ ၂၀၁၅-၁၆ ခုနှစ်တွင် စိုက်ဧက ၃၉၀၀၀၀ ကျော်၊ သကြား တန်ချိန် ၃၉၀၀၀၀ ကျော်၊ ၂၀၁၆-၁၇ ခုနှစ်တွင် စိုက်ဧက ၄၀၀၀၀၀ ကျော်၊ သကြားတန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၇-၁၈ ခုနှစ်တွင် စိုက်ဧက ၄၄၀၀၀၀ ကျော်၊ သကြား တန်ချိန် ၅၀၀၀၀၀ ကျော်၊ ၂၀၁၈-၁၉ ခုနှစ်တွင် စိုက်ဧက ၅၀၀၀၀၀ နီးပါး ရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2428582483893900?__tn__=K-R

## ယခုနှစ်တွင် မိုးများသောကြောင့် မက္ကဒေးမီးယား အသီးထွက်နှုန်းကျဆင်း

ပြည်ပဈေးကွက်နှင့် ဝယ်လိုအားများလာသည့် မက္ကဒေးမီးယားသီးကို ယခုနှစ်တွင်တိုးချဲ့စိုက်ပျိုးသော်လည်း ပန်းပွင့်ချိန်တွင် မိုးများသောကြောင့် အသီးအထွက်နှုန်းကျဆင်းခဲ့ကြောင်း နောင်ချိုမြို့နယ် မက္ကဒေးမီးယားစီမံကိန်း မန်နေဂျာ ဦးတင်နိုင်ထွန်း၏ ပြောပြချက်အရသိရသည်။ ယခုနှစ်တွင် မက္ကဒေးမီးယားပင် ဧက ၇၀၀၀ အထိ တိုးချဲ့စိုက်ပျိုးလာရာ စုစုပေါင်းပျမ်းမျှ စိုက်ဧက ၁၉၀၀၀ ကျော်အထိရှိလာ ၍ အထွက်နှုန်းတန်ချိန် ၁၀၀၀ ဝန်းကျင်အထိထွက်ရှိရန် မျှော်မှန်းသော် လည်း တန်ချိန် ၄၀၀ မှ ၅၀၀ ဝန်းကျင်သာထွက်ရှိနိုင်ကြောင်းသိရသည်။ ဒီနှစ်ရဲ့ ပန်းပွင့်နှုန်းနဲ့ဆိုရင် မနှစ်ကထက် အသီးအထွက်နှုန်း နှစ်ဆလောက် ပိုမယ်မှန်းထားပေမယ့် ဒီနှစ်မှာရာသီဥတုကြောင့် အထွက်နှုန်းလျော့သွားတယ်ဟု ဦးတင်နိုင်ထွန်းကပြောသည်။



အဆိုပါသီးနှံသည် ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ ထွက်ရှိပြီး ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ကြွေကျသည့်အသီးများ ကောက်ချိန်ဖြစ်၍ စက်တင်ဘာလတွင် အသီးရင့်ကာ အပင်တွင်ကျန်ရှိသည့်အသီးများကို ခူးဆွတ်လေ့ရှိသည်။ အခုချိန်က အသီးခူးပြီး အရောင်းအဝယ်ပြုလုပ်တဲ့ကာလပါ။ အဲဒီတော့ ဈေးကွက်ပိုင်းကလည်း နည်းနည်းတက်လာပါပြီ။ ရာသီကုန်ချိန်မှာ ပြီးခဲ့တဲ့နှစ်ဈေးကိုရနိုင်ပါတယ်ဟု ဦးတင်နိုင်ထွန်းကပြောသည်။

မက္ကဒေးမီးယားပင်ကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ အမှန်တကယ်စိုက်ပျိုးနိုင်သည့် ဧရိယာမှာ ဧကသုံးသိန်းခန့်ရှိသော်လည်း လတ်တလောတွင် ဧကနှစ်သောင်းဝန်းကျင်သာ စိုက်ပျိုးနိုင်ကြောင်းသိရသည်။ မက္ကဒေးမီးယားသည် ဈေးကွက်ဝင်သီးနှံဖြစ်၍ တိုးချဲ့စိုက်ပျိုးရန်လိုအပ်ကြောင်း မက္ကဒေးမီးယားကို ၁၉၈၂ ခုနှစ်မှ စ၍ ပြည်တွင်း၌ စိုက်ပျိုးခဲ့သော်လည်း လတ်တလောတွင် တိုးချဲ့စိုက်ပျိုးမှုနည်းပါးကြောင်းနှင့် ယင်းသီးနှံသည် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက် တရုတ်နိုင်ငံ၌ လက်ရှိအချိန်တွင် ဧက ၁၆ သိန်းဝန်းကျင် တိုးချဲ့စိုက်ပျိုးထားကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2319-makadaymeyar.html

## လမ်းပန်းဆက်သွယ်ရေး စရိတ်ကြောင့် ပြည်ပပို့ ကုန်ပဲသီးနှံများ ဈေးနှုန်းသိသာစွာမြင့်တက်နိုင်ခြင်းမရှိ

တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရာလမ်းကြောင်းတွင် လုံခြုံစွာ သွားလာနိုင်ခြင်းမရှိသေးသောကြောင့် ကုန်တင်ကားခများ တိုးမြှင့်ထားသဖြင့် ပြည်ပလိုအပ်ချက်ရှိသော်လည်း ပဲသီးနှံများမှာ ဈေးနှုန်းသိသာစွာ မြင့်တက်နိုင်ခြင်းမရှိသေးပေ။ ယခုနှစ်တွင် အထွက်နည်းခြင်းကြောင့် ဈေးကွက်အတွင်း ပစ္စည်းရှားပါးနေခြင်းနှင့် တရုတ်နိုင်ငံမှ လိုအပ်ချက်များ ရှိခြင်းကြောင့် ဈေးနှုန်းမြင့်တက်လိုသော်လည်း တင်ပို့သည့် ကုန်တင်မော်တော်ယာဉ်စရိတ်မြင့်မားနေခြင်းနှင့် အများအပြား တင်ပို့နိုင်မှုမရှိခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်ဈေးနှုန်းမှာ စက်တင်ဘာ ၆ ရက်နေ့ ၁၁၃၀၀၀ ကျပ်ရှိပြီး ယခင်သီတင်းပတ်ထက် ၁၀၀၀ ကျော်သာ မြင့်တက်လာသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး တင်ပို့မှုများပြားလာပါက ဈေးနှုန်းပိုမို မြင့်တက်လာနိုင်ချေရှိကြောင်းသိရသည်။ တရုတ်ကဝယ်တယ်။ ဒါပေမယ့် တင်ပို့ဖို့အတွက် ထွက်တဲ့ကား အရေအတွက်ကနည်းသလို၊ ထွက်တဲ့ကားတွေကလည်း စရိတ်တွေကမြင့်တက်လာတယ်။ အဲဒီအတွက် လိုအပ်ချက်ရှိပေမယ့် ဈေးကထင်သလောက် မတက်တာပါဟုရွှေဆင်မင်းပွဲရုံပိုင်ရှင် ဦးမင်းအောင်ကပြောသည်။

ပစ္စည်းအရည်အသွေးလိုအပ်ချက်အနည်းငယ်ရှိသော်လည်း ရန်ကုန်နှင့်တရုတ်နိုင်ငံတို့မှ ဝယ်ယူမှုရှိနေခြင်းကြောင့် နမ်းနက်တို့မှာ ဈေးနှုန်းမြင့်တက်လာသည်။ သုံးတင်းဝင်တစ်အိတ်လျှင် စက်တင်ဘာ ၆ ရက်က ၂၈၅၀၀၀ ကျပ်သို့ ရောက်ရှိလာပြီး ယခင်သီတင်းပတ်ထက် ကျပ် ၅၀၀၀ မြင့်တက်လာသည်။ ယခုကဲ့သို့ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ပြီး အောင်လံ၊ မကွေးစသည့်ဒေသများမှထွက်ရှိလာလျှင် ဈေးနှုန်းပြန်လည်အေးသွားမည်ဟု ကုန်သည်များကခန့်မှန်းထားသည်။ မြန်မာနိုင်ငံကနမ်းနက်ကတော့ အခြားနိုင်ငံတွေက နမ်းနက်တွေထက် အရည်အသွေးကသာတော့ ဈေးကကျဖို့ ရာခိုင်နှုန်းနည်းတယ်။ အခြားနမ်းရောင်စုံကတော့ အသစ်ထွက်လာရင် ဈေးကကျဖို့ဖြစ်နိုင်ချေများတယ်ဟု နမ်းကုန်သည်တစ်ဦးကပြောသည်။

ပြည်တွင်းစားသုံးရန်အတွက် စားတော်ပဲမှာ ကုလားပဲဈေးထက် သက်သာစွာဖြင့်တင်သွင်းနေခြင်း၊ ပြည်ပတင်ပို့မှု မရှိခြင်းနှင့် ဝါတွင်းကာလဖြစ်သည့်အတွက် အရောင်းအဝယ်ပါးခြင်းတို့ကြောင့် ဈေးအေးလျက်ရှိသည်။ သုံးတင်းဝင် တစ်အိတ်လျှင် ဩဂုတ် ၂၃ ရက်တွင် ကုလားပဲ(ထိုင်ဝမ်) ၈၀၀၀၀ ကျပ်မှ စက်တင်ဘာ ၆ ရက်တွင် ၇၈၀၀၀ကျပ်၊ ကုလားပဲ (နိုင်းတူးနိုင်း) ၈၀၀၀၀ ကျပ်မှ ၇၆၅၀၀ ကျပ်သို့ ကျဆင်းလာသည်။ ပြည်တွင်းဈေးကွက်လိုအပ်ချက်မှာလည်း နည်းပါးနေခြင်းကြောင့် ဈေးဆက်လက်အေးနေဦးမည်ဟု ကုန်သည်များကသုံးသပ်သည်။ တရုတ်နိုင်ငံလိုအပ်ချက်ကြောင့် သိသိသာသာ ဝယ်ယူခဲ့သဖြင့် နှစ် ၂၀ အတွင်း အမြင့်ဆုံးဈေးရောက်ရှိခဲ့ရာ ယခုတစ်ပတ်အတွင်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့် အဝယ်ခေတ္တရပ်နားထားခြင်းကြောင့် ဈေးနှုန်းပြန်လည်ကျဆင်းလာသည်။ မြေပဲလုံးဆံတစ်ပိဿာလျှင် ဩဂုတ် ၂၃ ရက်တွင် ၄၁၀၀- ၄၂၀၀ကျပ်မှ စက်တင်ဘာလ ၆ ရက်တွင် ၃၈၀၀ ကျပ်၊ မြေပဲဆီဆံ ၃၈၅၀ကျပ်မှ ၃၂၀၀-၃၅၀၀ ကျပ်သို့ ကျဆင်းလာသည်။ ယခုအခြေအနေအရ ဈေးနှုန်းအေးနေမည်ဖြစ်သော်လည်း ဈေးဆက်လက်ကျနိုင်ချေမှာ အလွန်နည်းပါးကြောင်း ကုန်သည်များသုံးသပ်သည်။

ရန်ကုန်ဘက်မှ ပါမစ်ဖွင့်လှစ်ပေးခြင်းမရှိသော်လည်း အောက်လိုင်း(တရားမဝင် လမ်းကြောင်း)မှ ဆက်တိုက်ဝင် နေခြင်းကြောင့် ဈေးနှုန်းကျဆင်းလာသည်။ သုံးတင်းဝင်တစ်အိတ်လျှင် ဩဂုတ်လ ၂၃ရက်က စားတော်(ကနေဒါ) ၇၂၀၀၀ ကျပ်မှ စက်တင်ဘာ ၆ ရက်က ၇၁၀၀၀ ကျပ်သို့ ကျဆင်းလာသည်။ လက်ရှိအခြေအနေအရ ပြည်ပမှ ဆက်တိုက် ဝင်နေခြင်းကြောင့် ဈေးဆက်လက်အေးနေဦးမည်ဖြစ်ကြောင်း ကုန်သည်များကသုံးသပ်ကြသည်။

**Source:** https://www.facebook.com/myanmaawba/posts/1993337440726720?__tn__=K-R

## ရှမ်းပြည်နယ်၊ ရွာငံဒေသထွက်ကော်ဖီများကို ပြင်ပနိုင်ငံများသို့ ယခင်ကထက် ပိုမိုတင်ပို့ ရောင်းချနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေ

ရှမ်းပြည်နယ်၊ ရွာငံဒေသထွက်ကော်ဖီများကို ပြင်ပနိုင်ငံများသို့ ယခင်ကထက် ပိုမိုတင်ပို့ရောင်းချနိုင်ရန် ပြင်ဆင် ဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီရာသီသီးနှံဌာနခွဲထံမှသိရသည်။ ဒီရွာငံကော်ဖီကလည်း ပြင်ဦးလွင် ဘက်က ကော်ဖီလိုပဲကုန်းမြင့်ကော်ဖီအမျိုးအစားတွေပါ။ နာမည်လည်း ရှိပြီးသားဖြစ်သလို လက်ရှိတင်ပို့နေတဲ့ ပြည်ပဈေးကွက်ကို ဒီထက်မက ပိုပြီးထိုးဖောက်နိုင်ဖို့ လိုအပ်တဲ့အတွက် တောင်သူတွေကိုအသိပညာပေးတာတွေ၊

နည်းပညာပိုင်း ပံ့ပိုးကူညီတာတွေ ပိုပြီးလုပ်ပေးရမှာဖြစ်ပါတယ်ဟု ကော်ဖီရာသီသီးနှံဌာနခွဲ ဦးစီးအရာရှိ ဒေါ်အေးစန္ဒာသန့်က ပြောသည်။ ရှမ်းပြည်နယ်၊ ရှာင်ဒေသကထွက်ရှိသည့် ရှာင်ကော်ဖီများကို ပြည်ပဈေးကွက်အတွင်း ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကော်ဖီစိုက်တောင်သူများကို ပညာပေးခြင်း၊ နည်းပညာနှင့် လုပ်ငန်းသုံးကိရိယာများ အသုံးပြုနိုင်ရေး ပံ့ပိုးပေးခြင်းများ၊ တစ်ပြည်လုံးရှိ ကော်ဖီစိုက်သည့် နေရာများတွင် သင်တန်းများပေးနေကြောင်း၊ စိုက်ပျိုးဧကများ တိုးရန်၊ အထွက်နှုန်းကောင်းသည့် စိုက်ဧကများဖြစ်ရန်၊ ကော်ဖီအရည်အသွေးကောင်းရန် ဂန်ကြီးဌာနက ကူညီလျက်ရှိကြောင်း သိရသည်။

ရှာင်ဒေသထွက် အထူးတန်းဝင် ကော်ဖီများကို AID စသည့် ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ အဓိကအားဖြင့် အမေရိကန်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး လက်ရှိတင်ပို့နေသည့် ဈေးကွက်ထက် ပိုမိုထိုးဖောက်ကာ ပြည်ပဈေးကွက်များအတွင်း ဝင်ရောက်နိုင်ရေးအတွက် နာမည်ရပြီးသားဖြစ်သည့် ၎င်းရှာင်ကော်ဖီကို ဆွတ်ခူးပြီးနောက်ပိုင်း လိုက်နာဆောင်ရွက်ရမည့် နည်းပညာနှင့် လုပ်ငန်းသုံးကိရိယာများ အသုံးပြုနိုင်ရေး ပံ့ပိုးပေးခြင်းတို့ဖြင့် ဆောင်ရွက်နေကြောင်းသိရသည်။ ရှာင်ကော်ဖီဘာကြောင့်ကောင်းသလဲဆိုရင် သဘာဝပတ်ဝန်းကျင်ကောင်းမွန်ခြင်း၊ နည်းပညာများ အဆင့်မြင့်စွာသုံးစွဲခြင်း၊ ကော်ဖီစိုက်တောင်သူတွေက စည်းကမ်းလိုက်နာခြင်း၊ ပုဂ္ဂလိကကုမ္ပဏီတွေက အရည်အသွေးဦးစားပေးပြီး ပြည်ပပို့ကုန်အဖြစ် ရည်ရွယ်လုပ်ဆောင်တာတွေနဲ့ ကော်ဖီစားသောက်ကုန်ထုတ်လုပ်တဲ့ ဂန်ထမ်းတွေရဲ့အဆင့်တိုင်း၊ အဆင့်တိုင်းမှာ ကြပ်မတ်ဆောင်ရွက်ပေးလို့ဖြစ်တယ်။ ဒါတွေကို ကျွန်တော်တို့တွေလည်း အတုယူရမယ်ဟု ချင်းပြည်နယ်မှ ကော်ဖီစိုက်တောင်သူတစ်ဦးက အွန်လိုင်းကမေးမြန်းချက်ကို ပြန်လည်ဖြေဆိုသည်။ လက်ရှိကော်ဖီဈေးကွက်မှာ အမေရိကန်၊ ဂျပန်၊ ဟောင်ကောင်၊ ကိုရီးယားနှင့် ထိုင်ဝမ်သို့တင်ပို့နေကြောင်း၊ မြန်မာနိုင်ငံတွင် ကော်ဖီမျိုးစိတ်ပေါင်း ၂၀ ကျော်ရှိပြီး စိုက်ပျိုးသူပေါင်း ၁၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

လက်ရှိတွင် တောင်သူများစုဖွဲ့ပြီး အသေးစား စက်မှုလုပ်ငန်း ချေးငွေအသုံးပြုကာ အဆင့်မြင့်စက်ကိရိယာများ အသုံးပြုနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ ဒေသမျိုးရင်း ကော်ဖီမျိုးများ ထိန်းသိမ်းရေး၊ ကော်ဖီမျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သောနည်းပညာအကူအညီများကို ပံ့ပိုးကူညီခြင်းများ ပြုလုပ်နေကြောင်းသိရသည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၄၀၈၂ ပေ ရှိသောရှာင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၂၀ ကျော်တွင် ကော်ဖီစိုက်သည့် ကျေးရွာပေါင်း ၈၀ ခန့်ရှိကာ ကော်ဖီစိုက်ဧကပေါင်း ၇၁၆၅ ဧကရှိပြီး ကော်ဖီသီးနှံထွက်ဧက ၄၀၀၀ ခန့်ရှိကာ ကော်ဖီဆန်အထွက်နှုန်း နှစ်စဉ် ပျမ်းမျှ တန်ချိန် ၇၀၀ မှ ၁၀၀၀ ကြားထွက်ရှိပြီး မန္တလေးတိုင်းဒေသကြီး၌ ကော်ဖီစိုက်ဧက စုစုပေါင်း ၅၆၇၂ ဧက ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2448187995295372?__tn__=K-R

## STOCK EXCHANGE (10.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 10th Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 11,500 | 12,000 | 11,500 | 9,053 | 104,110,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 14,383 | 64,723,500 | 38,929,150 | 175,181 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 451 | 3,788,400 | 10,400,986 | 87,368 |
| FPB | 00004 | 25,500 | +500 | +2.00% | 25,000 | 25,500 | 25,000 | 89 | 2,225,500 | 2,472,053 | 63,037 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 584 | 1,770,950 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 503.94 | +10.80 | +2.19% | 493.14 | 503.94 | 492.67 | 24,560 | 176,618,350 | 5 | 690,050 |

**Index chart**




# Market Overview

As of 1:00 pm, 10th Sep. 2019

| MYANPIX | 503.94 ▲ 10.80 |
|---|---|
| Total Volume (shares) | 24,560 |
| Total Value (MMK) | 177 mil |
| Listed Company | 5 |
| Market Cap. (MMK) | 690,050 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 4,500 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,500 | ▲ 500 |
| TMH | 00005 | 3,050 | ▲ 0 |